
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၁၄/၂၀၂၃ )


## (၂၆.၄.၂၀၂၃ မှ ၂.၅.၂၀၂၃ ထိ )

၁။ **၂၀၂၂-၂၀၂၃ခုနှစ်၊ ပြည်တွင်း၊ ပြည်ပစပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးမှ စပါးတင်း (၁၀၉၀.၈၁၈) သန်း ထွက်ရှိခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန် လျာထားဧက (၂.၆၃) သန်းအပေါ် ၃၁.၃.၂၀၂၃ ရက်နေ့ထိ ဧက (၂.၄၃) သန်း (၉၃ %) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက (၀.၉၉) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း (၉၆.၄၄) တင်းဖြင့် အထွက်တင်း (၉၅.၅၈)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ထုတ်ပြန်သည့် USDA ၏ စာရင်းအရ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၅.၂၀ ဟက်တာသန်း **(ဧက ၄၀၈.၀၄၄ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၁ မက်တန်**(၂၂၀.၈၆၅ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၀၉.၈၃ သန်း **(စပါးတင်း ၂၄၄၂၅.၉၅၅ သန်း)**ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆)ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁)အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုး အစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုး အစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၃၀၀၀၀၀ | ↑ ၁၃၄၀၀၀၀ | မနောသုခ(မိုး) | ၅၃၀၀၀ | ↑ ၅၇၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၂၂၀၀၀၀ | ၁၂၂၀၀၀၀ | မနောသုခ(နွေသစ်) | ၅၃၀၀၀ | ၅၃၀၀၀ |
| (ခ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၄၉၀၀၀၀ | ၁၄၉၀၀၀၀ | ဧည့်မထ(မိုး) | ၅၈၀၀၀ | ၅၈၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၃၉၈၀၀၀ | ၁၃၉၈၀၀၀ | ဧည့်မထ(နွေသစ်) | ၅၅၀၀၀ | ၅၅၀၀၀ |
| (ဂ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၄၅၀၀၀၀ | ၁၄၅၀၀၀၀ | ဧည့်မထ(မိုး) | ၅၄၀၀၀ | ၅၄၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၄၀၀၀၀၀ | ၁၄၀၀၀၀၀ | ဧည့်မထ(မိုး) | ၅၂၀၀၀ | ၅၂၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၁၇၅၀၀၀၀ | ၁၇၅၀၀၀၀ | ဧည့်မထ(မိုး) | ၅၉၀၀၀ | ၅၉၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၁၆၂၀၀၀၀ | ၁၆၂၀၀၀၀ | ဧည့်မထ(မိုး) | ၆၀၀၀၀ | ၆၀၀၀၀ |
| (င) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ဧည့်မထ(မိုး) | ၁၈၅၀၀၀၀ | ↑ ၁၉၀၀၀၀၀ | ရွှေမင်း(မိုး) | ၇၅၀၀၀ | ↑ ၈၀၀၀၀ |
| (စ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၆၂၅၀၀၀ | ၁၆၂၅၀၀၀ | ရွှေဝါထွန်း(မိုး) | ၆၅၀၀၀ | ၆၅၀၀၀ |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဧယာ(မိုး) | ၁၄၃၀၀၀၀ | ၁၄၃၀၀၀၀ | ဧယာ(မိုး) | ၅၆၀၀၀ | ၅၇၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၀၀၀၀၀၀
၁၈၀၀၀၀၀
၁၆၀၀၀၀၀
၁၄၀၀၀၀၀
၁၂၀၀၀၀၀
၁၀၀၀၀၀၀
၈၀၀၀၀၀
၆၀၀၀၀၀
၄၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ညှော်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၉၀၀၀၀
၈၀၀၀၀
၇၀၀၀၀
၆၀၀၀၀
၅၀၀၀၀
၄၀၀၀၀
၃၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်ပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၃.၄.၂၃ | ၁၈.၄.၂၃ | ၂၄.၄.၂၃ | ၂.၅.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၅၀၅ | ၅၂၀ | ၅၁၂ | ↑ ၅၁၄ |
| | | White Rice ၅% | ၄၉၀ | ၅၀၅ | ၄၉၈ | ↑ ၄၉၉ |
| | | White Rice ၂၅% | ၄၇၉ | ၄၉၃ | ၄၈၇ | ↑ ၄၈၉ |
| | | Parboiled Rice ၁၀၀% | ၄၉၉ | ၅၁၇ | ၅၀၉ | ↑ ၅၁၁ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၄၆၈ | ၄၆၇ | ၄၈၇ | ▬ ၄၈၇ |
| | | White Rice ၂၅% | ၄၄၈ | ၄၄၇ | ၄၆၇ | ▬ ၄၆၇ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၄၅၃ | ၄၈၇ | ၅၁၇ | ▬ ၅၁၇ |
| | | White Rice ၂၅% | ၄၂၈ | ၄၄၇ | ၄၈၁ | ▬ ၄၈၁ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | ၄၁၇ | ၄၂၁ | ၄၄၂ | ▬ ၄၄၂ |
| (င) | မြန်မာ | White Rice ၅% | ၄၇၅-၄၈၅ | ၄၈၅-၅၀၀ | ၄၈၅-၅၀၀ | ↑ ၄၉၅-၅၀၅ |
| | | White Rice ၁၀% | ၄၇၀-၄၇၅ | ၄၇၅-၄၈၅ | ၄၇၅-၄၈၅ | ↑ ၄၈၅-၄၉၅ |
| | | White Rice ၁၅% | ၄၆၅-၄၇၀ | ၄၇၀-၄၇၅ | ၄၇၀-၄၇၅ | ↑ ၄၈၀-၄၈၅ |
| | | White Rice ၂၅% | ၄၅၅-၄၆၀ | ၄၆၀-၄၆၅ | ၄၆၀-၄၆၅ | ↑ ၄၆၅-၄၇၀ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၂.၅.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၃.၉၁၉) သန်း ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၃.၃၂၅) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၂၁.၄.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၃၁၄၉၅)၊ တန်ဘိုး (၁၄.၂၈၅) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၁၁၁၉၁၈)၊ တန်ဘိုး (၃၈.၉၇၃) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန် (၈၀၄၂၃)၊ တန်ဘိုး ၂၄.၆၈၀) USD သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်လိုင်စင်ဈေး FOB ၄၇၀ USD ဖြစ်၍ Earning ဈေး ၂၃၇၁ ကျပ်ဖြင့် တွက်ချက်ပါက FOB ဈေး ၄၉၀ USD ကျသင့်ခြင်းကြောင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်း သိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်မှုလျော့ကျခဲ့၍ ဆန်ရောင်းအား နည်းနေသဖြင့် ပို့ကုန်ဆန်ဈေးများတက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဆောင်းစပါးရိတ်သိမ်းချိန် ပြီးဆုံးသွားပြီဖြစ်၍ ဆန်ရောင်းအားလျော့နည်းလာပြီး ဆန်ဈေးအမြင့်ဈေးတွင် ငြိမ်နေပါသည်။ အိန္ဒိယနိုင်ငံတွင် ပို့ကုန်ဆန်ဈေးနှုန်းများ ဈေးငြိမ်နေပါသည်။ ပြည်တွင်းစပါး၊ ဆန်ဈေးကွက်၌ စပါးလက်ကျန်နည်းလာခြင်း၊ လှောင်လက်နှင့် စက်ပိုင်ကုန်သည် ရောင်းအားနည်းခြင်း၊ ဈေးကွက် အဝင်နည်းခြင်း၊ ကုန်သည်ဝယ်အားရှိခြင်းတို့ကြောင့် ရန်ကုန်(သန်လျင်)နှင့် ရွှေဘိုတို့တွင် စပါး၊ ဆန်ဈေးနှုန်းများ တက်ခဲ့ပါသည်။ ကျန်မြို့နယ်များတွင် စပါး၊ ဆန် ဈေးနှုန်းများငြိမ်နေပြီး ဒေသတွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် ဝယ်လိုအားပုံမှန်ရှိနေကြောင်း သိရှိရပါသည်။